KACHIN WOMEN'S ASSOCIATION THAILAND

P.O.BOX 415, CHIANG MAI 50000, THAILAND

**ရက်စွဲ။ ၂၀၁၂ ခုနှစ် ဇွန်လ ၁၆ ရက်။**

**ကချင်အမျိုးသမီး အစည်းအရုံး- ထိုင်းနိုင်ငံ (KWAT) သတင်းထုတ်ပြန်ချက်။**

**သေစေလောက်သည့် လက်တုန့်ပြန်မှုများ။ မြန်မာနိုင်ငံ မြောက်ပိုင်း ဆုံးရှုံးမှုများအတွက် လက်တုန့်ပြန်သည့်အနေဖြင့် အာဏာသိမ်းစစ်အုပ်စုက အရပ်သားများအပေါ် တိုက်ခိုက်မှုများ တိုးမြင့်။**

ကချင်အမျိုးသမီး အစည်းအရုံး- ထိုင်းနိုင်ငံမှ ယနေ့ထုတ်ဝေသော အကျဉ်းချုပ် စာတမ်း အသစ်တွင် ၂၀၁၂ ခုနှစ် ဧပြီလမှ မေလအတွင်း ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ် ခရိုင်နှင့် ကချင်ပြည်နယ် မြို့ပြနှင့် ကျေးလက်ဒေသများတွင် စစ်အုပ်စု၏ ကျူးလွန်သော လူ့အခွင့်အရေး ချိုးဖောက်မှု အခြေအနေများကို ဖော်ပြထားသည်။

လုံခြုံရေးတပ်ဖွဲ့များက လက်နက်မဲ့ ဆန္ဒပြသူများအပေါ် ကျည်အစစ်များကို ဆက်လက်အသုံးပြုနေပြီး ထိုကျည်အစစ်များကြောင့် ဗန်းမော်နှင့် ဖားကန့်မှ အမျိုးသားနှစ်ဦး သေဆုံးခဲ့သည်။ ၎င်းတို့သည် မြို့ပြဒေသများတွင် NLD အဖွဲ့ဝင်များ၊ ဆရာဝန်များ၊ သတင်းသမားများ နှင့် လူငယ်ခေါင်းဆောင်များ အပါအဝင် တက်ကြွလှုပ်ရှားသူများကို ရှာဖွေဖမ်းနေရာ နှစ်လအတွင်း လူပေါင်း ၆၁ ဦးအား ဖမ်းဆီးခဲ့သည်။

KIA ကြောင့် ဆုံးရှုံးမှုများအပေါ် လက်တုန့်ပြန်သည့်အနေဖြင့် စစ်အုပ်စု တပ်ဖွဲ့များသည် ကျေးလက်ဒေသများတွင် ရှိနေသော ပြည်သူလူထုများအား နှိပ်စက်ညှင်းပမ်းခြင်း၊ ဥပဒေမဲ့ ပစ်ခတ်ခြင်း၊ နှင့် အရပ်သား နေရာများကို လက်နက်ကြီး ပစ်ခတ်ခြင်းတို့ အပါအဝင် အရပ်သားများအပေါ် ရက်စက်စွာ လက်တုန့်ပြန်မှုကို တိုးမြှင့် လုပ်ဆောင်ခဲ့သည်။

မြစ်ကြီးနား၊ မိုးညှင်းနှင့် ကားမိုင်းမြို့များမှ လူငယ်များအား ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် ဆက်သွယ်ပတ်သက်သည်ဟု ဆိုကာ ဥပဒေမဲ့ ဖမ်းဆီးခြင်း၊ နှိပ်စက်ညှင်းဆဲခြင်းများ နှိပ်စက်ညှင်းဆဲခြင်းများ ပြုလုပ်နေသည်ကို ပြည်သူများအနေနှင့် ကြုံတွေ့နေကြရသည်။ ယင်းအထဲတွင် ဘောလုံးကန်ရာမှ ပြန်လာသော လူငယ် သုံးဦးအား ဖမ်းဆီးပြီး စစ်စခန်းထဲတွင် ၁၂ ရက်ထိန်းသိမ်းထားခဲ့ပြီး ခေါင်းများကို သေနတ်များဖြင့် ထုခြင်း နှင့် စီးကရက်မီးဖြင့် တို့ခြင်းလည်း ပါဝင်သည်။

ကချင်ပြည်နယ် အရှေ့တောင်ပိုင်း ဒေါ့ဖုန်းယန်-မိုးမောက် လမ်းမတလျှောက် လက်နက်ကြီးပစ်ခတ်မှုကို အရှိန်တိုးမြှင့်ခဲ့ခြင်းကြောင့် ရွာသား ၉ ယောက် သေဆုံးခဲ့ပြီး ကလေး သုံးဦးအပါအဝင် လူ ဆယ့်ငါးဦး ဒဏ်ရာရခဲ့သည်။ ယင်းမှာ KIA က မတ်လ ၂၅ ရက်နေ့တွင် အာလော့ဘွမ် စခန်းကို ပြန်လည်သိမ်းပိုက်ခဲ့ခြင်းနှင့် မေလ ၃ ရက်နေ့တွင် စစ်အုပ်စု၏ ရဟတ်ယာဉ်တစ်စီးကို ပစ်ချခဲ့ခြင်းတို့အပါအဝင် နယ်မြေအတွင်း KIA ၏ အောင်မြင်မှုများအပေါ် တိုက်ရိုက် လက်တုန့်ပြန်ခြင်းဖြစ်သည်။

အရပ်သားများအပေါ် တိုက်ခိုက်မှုများက ကြီးမားသော အိုးအိမ်စွန့်ခွာ ရွှေ့ပြောင်းမှုကို ဖြစ်စေပြီး မိုးမောက်နှင့် ဗန်းမော် မြို့များသို့ ပြည်တွင်း ရွှေ့ပြောင်း ဒုက္ခသည် (IDP) အသစ် ၆၀၀၀ ကျော်ရောက်ရှိလာခဲ့သည်။ ပြည်သူတို့၏ မူလ နေအိမ်များကိုလည်း မြန်မာစစ်တပ်၏ နာမည်ဆိုးနဲ့ ထင်ရှားသော လက်ရွေးစင် တပ်ဖွဲ့ဝင်များဖြစ်သည့် ခြေလျင်တပ်မ ၇၇၊ ၈၈ နှင့် ၉၉ တို့မှ သိမ်းပိုက်ထားလိုက်ကြပြီး ရွာသားများထံမှ ပစ္စည်းများ၊ ပိုင်ဆိုင်မှုများ၊ တိရစ္ဆာန်များ နှင့် အစားအစာများကို လုယက်ခဲ့ကြသည်။

KWAT သည် တရားမဝင်သော အာဏာသိမ်းစစ်အုပ်စုအပေါ် စီးပွားရေးနှင့် သံတမန်ရေး ပိတ်ဆို့အရေးယူမှုများ လုပ်ဆောင်ရန်၊ ကမ္ဘာတစ်ဝှမ်း လက်နက်ပိတ်ဆို့မှုကို ချမှတ်ရန်နှင့် မြန်မာနိုင်ငံအပေါ် ဝေဟင်ယံတွင် လေယာဉ်မပျံသန်းရဇုံး သတ်မှတ်ရန် တောင်းဆိုသည်။ တရုတ်အပါအဝင် အိမ်နီးချင်းနိုင်ငံများအနေဖြင့် အာဏာသိမ်းစစ်အုပ်စုအား ၎င်းတို့၏ လေပိုင်နက်ကို အသုံးပြုပြီး တိုက်ခိုက်မှုများ ပြုလုပ်ခွင့်ပေးခြင်းကို ရပ်ဆိုင်းရန် တိုက်တွန်းသည်။

KWAT မှ နိုင်ငံတကာ အစိုးရများထံ အမျိုးသား ညီညွတ်ရေး အစိုးရကို မြန်မာနိုင်ငံ၏ တရားဝင် အစိုးရအဖြစ် အသိအမှတ်ပြုရန် နှင့် နိုင်ငံတကာ အလှူရှင်များအား တိုင်းရင်းသား နယ်မြေများရှိ ပြည်တွင်း ရွှေ့ပြောင်းဒုက္ခသည် (IDPs) များကို နယ်စပ်ဖြတ်ကျော် အကူအညီများ ပေးရန် တိုက်တွန်းသည်။

ပိုမိုသိရှိလိုပါက -

မွန်းနေလီ (+၆၆ ၈၅၅၃၃၇၉၁)

အစီရင်ခံစာ အပြည့်အစုံကို ဒေါင်းလုဒ် လုပ်လိုပါက https://kachinwomen.com/?p=1425